ဤအကြိမ်ရေးသားရာ၌ ပထမအကြိမ်ကဲ့သို့ မဟုတ်ဘဲ အခန်းများ ခွဲဝေပိုင်းခြား၍ ရေးသားသည်။

- မောင်သန့်၊
- ရှင်ဇာဂရ၊
- အရှင်ဇာဂရ၊
- ဘုန်းကြီး အရှင်ဇာဂရ၊
- ရွှေကျင်ဆရာတော်၊
- ရွှေကျင်ဆရာတော်ဘုရား၊
- ရွှေကျင်ဆရာတော်ဘုရားကြီး ဟူ၍ ခုနစ်ခန်း ခွဲဝေပိုင်းခြားသည်။

ထိုတွင် မောင်သန့် အခန်း၌ မောင်သန့် မွေးဖွားပုံ၊ မဖွားမီ အိပ်မက်မြင်မက်ပုံ၊ မောင်သန့်၏ ဇာတာ၊ မောင်သန့် သာသနာတော်နှင့် နီးစပ်ပုံ၊ ကရဏာတရား အားကြီးပုံ၊ ဘုန်းကြီးကျောင်းသားဘဝ၊ နွားကျောင်းသားဘဝ လှုပ်ရှားပုံတို့ကို ဖော်ပြသည်။ ရှင်ဇာဂရအခန်း၌ ရှင်ပြုပုံ၊ ရွှေဘိုသို့ စာသင်တက်ပုံ၊ သီးလုံးဆရာတော်ထံ ဆည်းကပ်မှီ၍ ဇေဒဂ်ရ ဥပါလိထေရ်၏ အနွယ်သို့ သက်ဝင်မိပုံတို့ကို ဖော်ပြသည်။

အရှင်ဇာဂရအခန်း၌ ရဟန်းဖြစ်ပုံ၊ မုတင်ဆောင်ပုံ၊ မန်ကျည်းကန် ဆရာတော်ထံ ရောက်ပုံ၊ ဝိနည်းအရာ၌ ဇေစပ်လှပုံ၊ အမရပူရသို့ စာသင်တက်ပုံ၊ မင်းတုန်းမင်းသားနှင့် တွေ့ပုံတို့ကို ဖော်ပြသည်။ ဘုန်းကြီး အရှင်ဇာဂရ အခန်း၌ ရှမ်းကလေးကျွန်း တိုက်သစ်တည်ထောင်ပုံ၊ မန်ကျည်းစဉ်၊ ခေါ်တော၊ ရှိမ်းမကား တောရ တို့၌ သီတင်းသုံးပုံ၊ မြင်းမြေ၌ သာသနာပြုပုံ၊ ရွှေကျင်တိုက် တည်ထောင်ပုံ စသည်တို့ကို ဖော်ပြသည်။

ရွှေကျင်ဆရာတော်အခန်း၌ ရွှေကျင်တိုက်သို့ ကြွရောက်သီတင်းသုံးပုံ၊ ရွှေကျင်ဂိုဏ်း စတင်ပေါ်ပေါက်လာပုံ၊ ရွှေကျင် ငါးတိုက်အကြောင်း၊ ဂဏဝိမုတ်ဖြစ်ပုံ စသည်ဖြင့် ရွှေကျင်ဆရာတော်ကျမ်းစာ၏ ပင်မအကြောင်းအရာတို့ကို ဖော်ပြသည်။

ရွှေကျင်ဆရာတော်ဘုရားအခန်း၌ ရေတံခွန်တောင် စသည်သို့ တောထွက်တော်မူပုံမှစ၍ မင်းပြောင်းမင်းလွဲဖြစ်ပုံ၊ ကိုးဌာန သာသနာပြုပုံ၊ သီပေါမင်း တံဆိပ်တော် ကပ်လှူပုံအထိ ပြဆို၍ ရွှေကျင်ဆရာတော်ဘုရားကြီး အခန်းမှာကား ဆရာတော်ဘုရားကြီး၏ ဘဝနောက်ဆုံးအပိုင်း၌ လှုပ်ရှား ဆောင်ရွက်တော်မူပုံ၊ အရိုက်အရာ လွှဲအပ်ပုံနှင့် ဘဝခရီး အပြီးသတ်ပုံတို့ကို ဖော်ပြသည်။

ထို့နောက် အဖြစ်တော်စဉ်အကျဉ်းကိုလည်းကောင်း၊ ဤကျမ်းစာကို ရေးသားရာ၌ အားကိုးအားထားပြုရသော ကျမ်းစာများစာရင်းကိုလည်းကောင်း၊ ဤကျမ်းစာကို ဖတ်ရှုရာ၌ ရွှေကျင်သမိုင်းအတွက် ဆက်လက်လေ့လာစရာများဖြစ်သော အထောက်အထား စာတမ်းများကိုလည်းကောင်း ပြဆိုထားသည်။